## မာတိကာ


စာရေးသူ၏အမှာ ၇

**အခန်း (၁)**

၂၀ ရာစုဆန်းစ မြန်မာနိုင်ငံ ၁၁

**အခန်း (၂)**

ဂျာနယ်ကျော်ဦးချစ်မောင် ဘဝနိဒါန်း ၅၁

**အခန်း (၃)**

မြန်မာအမျိုးသားရေးလှုပ်ရှားမှု၊ နယ်ချဲ့ဆန့်ကျင်ရေး နှင့် အယ်ဒီတာ ဦးချစ်မောင် ၉၃

**အခန်း (၄)**

ကမ္ဘာကြီးပျက်စီးလု နီးပြီလော ၁၉၇

**အခန်း (၅)**

စစ်ကြိုခေတ်နှင့် ဂျပန်ခေတ်ကာလ ဦးချစ်မောင်၏ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှုများ ၂၂၃

**အခန်း (၆)**

ဖဆပလခေတ်ကာလ (၁၉၄၅-၁၉၄၆) နိုင်ငံရေးစွမ်းဆောင်မှုများ ၃၃၇

**အခန်း (၇)**

ဂျာနယ်ကျော်ဦးချစ်မောင်ကို သူတို့အမြင် ၄၉၅

ဂျာနယ်ကျော်ဦးချစ်မောင်၏ အတွေးအမြင် အယူအဆခံယူချက် ၅၂၀

**အခန်း (၈)**

နိဂုံး ၅၂၃

- နောက်ဆက်တွဲများ ၅၂၈
- ကျမ်းကိုးစာရင်း ၅၃၇
- တွေ့ဆုံမေးမြန်းခဲ့သည့် ပုဂ္ဂိုလ်များ ၅၅၂


## စာရေးသူ၏အမှာ

၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် ကျွန်မ ရေးသားသော သရေခေတ္တရာမှသည် ပြည်မြို့သို့တိုင် စာအုပ်ထွက်ခဲ့ရာ ကမ္ဘာအပါအဝင် မြန်မာနိုင်ငံ၏ ဘူမိဆင့်ကဲဖြစ်စဉ်နှင့် လူသားများ ဖြစ်ပေါ်ရာမှ စတင်ကာ ကျောက်၊ ကြေး၊ သံခေတ်များဖြတ်သန်း၍ ပြည်မြို့၏ မူလအစ သရေခေတ္တရာ ထွန်းကားရာမှ ခရစ်နှစ် ၂၀၁၅ ခုတိုင်၊ ပြည်မြို့၏ ခေတ်အဆက်ဆက် အခြေအနေသမိုင်းစဉ်ကို စာမျက်နှာ ၆၄၀၊ စာအုပ်ဆိုဒ်ကြီးနှင့် သီဟရတနာစာပေမှ ထုတ်ဝေခဲ့ပါသည်။ ပထမ စာအုပ် ဖဆပလခေတ် မြန်မာ့နိုင်ငံရေး သမိုင်း (၁၉၄၈-၁၉၅၈) ကိုလည်း သီဟရတနာစာပေကပင် ထုတ်ဝေခဲ့ပါသည်။ ယနေ့ သီဟရတနာစာပေကို ဦးစီးလုပ်ကိုင်နေသော ဂျာနယ်ကျော် မျိုးဆက်မြေးဖြစ်သူ မောင်သိမ်းစိုးသည် ကျွန်မ၏ တပည့်တစ်ဦး ဖြစ်ပါသည်။ ကိုမိုးဟိန်း (သားဂျာနယ်ကျော်) နှင့်လည်း ၁၉၇၁-၇၂ ခုက မဟာဝိဇ္ဇာ(သမိုင်း)အတန်းကို အတူတက်ရောက်ရင်း သိကျွမ်းခဲ့ပါသည်။ ၁၉၇၂ ခု၊ ရန်ကုန်လုပ်သားများကောလိပ် သမိုင်းဌာနတွင် ကျွန်မ အလုပ်ဝင်ရသောအခါလုပ်သားများကောလိပ်ရှိရာ ဗိုလ်တထောင်ဘုရားလမ်းမှ အနော်ရထာလမ်း (၄၇ လမ်းထိပ်) ရှိ သီဟရတနာပုံနှိပ်တိုက်သို့ မကြာခဏ ရောက်ဖြစ်ပါသည်။ ကိုမိုးဟိန်း



နှင့်အတန်းတူ လုပ်သားကောလိပ် သမိုင်းဌာနမှ ဆရာမတစ်ဦးမှာလည်း ၄၆ လမ်းတွင်နေသောကြောင့် ကျောင်းမှ လမ်းလျှောက်ပြန်ကြရင်း သီဟရတနာသို့ ရောက်ဖြစ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဆရာမကြီး ဂျာနယ်ကျော်မမလေး၊ မောင်သိမ်းစိုးဖခင် ကိုသိန်းတန်၊ ကိုမိုးဟိန်းတို့နှင့် ဆုံဖြစ်ပါသည်။ ဆရာမကြီး၏ မုန်း၍မဟူ၊ သူမ၊ သူလိုလူ ဝတ္ထုများကို (၁၀)တန်းမအောင်ခင်ကပင် ဖတ်ခဲ့၊ နှစ်ခြိုက်ခဲ့သူဖြစ်၍ ဆရာမကြီးကို စိတ်ထဲက ရင်းနှီးနေသော်လည်း ဆရာမကြီးမှာ အမြဲအလုပ်များနေသည်ကို တွေ့ရ၍ အသက် ၂၀ ကျော် ကျွန်မက စကား သွားမပြောရဲခဲ့ပါ။ သို့သော် ၁၉၇၂ ခုနှစ်မှာပင် ကျွန်မ၏ ဖခင်ဖြစ်သူ ရုတ်တရက်ကွယ်လွန်သွားပါ၍ ကွယ်လွန်သည့်သတင်းကို သီဟရတနာတယ်လီဖုန်းမှတစ်ဆင့် ၄၆ လမ်းနေ ဆရာမထံ အကြောင်းကြားရရာ ဆရာမကြီးက ဖုန်းကိုင်ဖြေကြားပြီး ကူညီ အကြောင်းကြားပေးပါသည်။ သည့်နောက် သီဟရတနာသို့ ရောက်သည့်အခါ ဆရာမကြီးက ဖခင်သတင်းကို မေးပါသည်။ ကျွန်မ ဖခင်ကလည်း ပုံနှိပ်လုပ်ငန်းနှင့် စက္ကူကုမ္ပဏီတည်ထောင် လုပ်ကိုင်နေသူ ဖြစ်ပါသည်။

ဒေသကောလိပ်(၁)ရန်ကုန်တွင် ကျွန်မတာဝန်ထမ်းဆောင်နေရစဉ် မောင်သိမ်းစိုး ၁၀ တန်းအောင်၍ ဒေသကောလိပ်(၁)တွင် ကျောင်းတက်ရန် ကိုမိုးဟိန်းက ဌာနသို့ခေါ်လာပြီး တူဖြစ်သူကို မိတ်ဆက်အပ်ပါသည်။ ဆရာ ဂျာနယ်ကျော်ဦးချစ်မောင်၏ “သူ” ကိုလည်း ငယ်စဉ်က ဖတ်ဖြစ်ခဲ့ပြီး၊ “သူ” ရုပ်ရှင်ကားကိုလည်းကြည့်ခဲ့ရကာ ဆရာမကြီး၏ နောက်ပိုင်း ရေးသားသော ‘ရင်နှင့်အောင်မွေး’၊ ‘သွေး’ စသည့် ဝတ္ထုများလည်း ဖတ်ခဲ့သည့်ပြင် ကိုမိုးဟိန်းနှင့်ပါ



ရင်းနှီးသဖြင့် ဂျာနယ်ကျော်မိသားစုကို စိတ်တွင် ရင်းနှီးနေပါသည်။ ထို့ကြောင့် နှစ်(၃၀)ကျော်အကြာ ၂၀၁၄ ခု ပထမစာအုပ် ရေးနေစဉ်ကပင် မောင်သိမ်းစိုး၏ သီဟရတနာစာပေကို စာအုပ်အပ်ခဲ့ပြီး ၂၀၁၅ ခု ဩဂုတ်လက စာအုပ်ထွက်ကာ ၂၀၁၅ ခုအတွက် အမျိုးသား စာပေဆု(နိုင်ငံရေးစာပေ) ရခဲ့ပါသည်။

“သရေခေတ္တရာမှသည် ပြည်မြို့သို့တိုင်” စာအုပ် ထုတ်ဝေပြီးနောက် မောင်သိမ်းစိုးက အဘိုး ဂျာနယ်ကျော်ဦးချစ်မောင်၏ နှစ်(၁၁၀)ပြည့် အထိမ်းအမှတ်အတွက် အမှတ်တရ စာအုပ်ထုတ်ဝေလိုပါ၍ ဆရာမကြီးက သမိုင်းနှင့် သင့်တော်ရာ ရေးပေးပါဟု ပြောလာပါသည်။ ဆရာ ဂျာနယ်ကျော်ဦးချစ်မောင်၏ “သူ”၊ “ကမ္ဘာကြီးပျက်စီးလုနီးပြီလော” နှင့် ဂျာနယ်ကျော် စာစောင်များကို ဖတ်ခဲ့ဖူးပါသည်။ ဆရာ ဦးချစ်မောင်၏ ဘဝတစ်စိတ်တစ်ပိုင်းကိုလည်း ‘သူလိုလူ’ မှတစ်ဆင့် သိခဲ့ရ၍ သမိုင်းဆရာမတစ်ဦးက ဆရာဂျာနယ်ကျော်ဦးချစ်မောင်၏ ကလောင်နှင့် အမျိုးသားရေးတိုက်ပွဲဝင်ခြင်းအပြင် ကိုယ်တိုင်ကပါ နိုင်ငံရေး၊ လွတ်လပ်ရေးအတွက် ကြိုးပမ်း စွမ်းဆောင်ခဲ့မှုများကိုသမိုင်း နောက်ခံနှင့် ကြိုးစားရေးသားထားပါသည်။

သမိုင်းလေ့လာထားသူ မဟုတ်ပါက ယနေ့ လူငယ်လူရွယ်များက ဆရာဦးချစ်မောင်၏လက်ရာ ဂျာနယ်ကျော်၏ ခေါင်းကြီးဆောင်းပါးများ၊ လှုပ်ရှားစွမ်းဆောင်ခဲ့မှုများကို လွယ်ကူရှင်းလင်းစွာ နားလည်နိုင်မည် မဟုတ်ဟု ယူဆပါ၍ ၁၉၄၆ ခု မတိုင်မီ မြန်မာနိုင်ငံ၏ သမိုင်းစဉ်နောက်ခံကားချပ်နှင့် ယှဉ်တွဲကာ ရေးသားထားပါသည်။ သို့မှသာ ဆရာဂျာနယ်ကျော်ဦးချစ်မောင်၏ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှု၊ နယ်ချဲ့အစိုးရကို လွတ်လပ်ရေးတိုက်ပွဲဝင် ကလောင်



စွမ်း၊ ဆရာဦးချစ်မောင်က ဘယ်ကာလ ဘယ်အချိန်က တိုင်းပြည်တွင်၊ ထို့ပြင် ကမ္ဘာတွင်ပါ မည်သို့သော နိုင်ငံရေး စစ်ရေးအခြေအနေများဖြစ်ပေါ်နေ၍ မည်သည့်အတွက်၊ မည်သည်ကြောင့်၊ မည်သည့် အကြောင်းအပေါ်မူတည်ကာ သည်ဆောင်းပါး၊ သည်ခေါင်းကြီး၊ သည်သို့သော လှုပ်ရှားဆောင်ရွက်မှုများ လုပ်ဆောင်ရေးသားရသည်ကို ပြည့်စုံစွာ သိနိုင်မည် ဖြစ်ပါသည်။ သို့သော် နိုင်ငံရေးနယ်ပယ်ရောက် စာနယ်ဇင်းပုဂ္ဂိုလ်ကျော် ဆရာဦးချစ်မောင်၏ သတင်းစာ၊ ဂျာနယ်များမှာ နှစ်(၈၀)ကျော်ခဲ့ပြီဖြစ်၍၊ အထူးသဖြင့် စစ်ကြိုခေတ် ၁၉၃၉-၁၉၄၂ ကာလ ဂျာနယ်ကျော် (၁၉၃၉) တို့မှာ ပျက်စီးရှားပါးနေပြီ ဖြစ်ပါသည်။ ဆရာ ဦးချစ်မောင်သည် ၁၉၄၆ ခု ဧပြီလ ၃ ရက်တွင်ကွယ်လွန်ခဲ့ရာ ဂျာနယ်ကျော်မှာ ၁၉၄၉ ခုတိုင် ထုတ်ဝေခဲ့၍ နောက်ပိုင်းဂျာနယ်ကျော်များမှာမူ အပြည့်အစုံနီးပါး တွေ့ရှိရပါသည်။ ယနေ့ နိုဝင်ဘာ (၁၁လ)ပိုင်းအထိ ၂၀၂၁ ခု တစ်နှစ်လုံးနီးပါး ကိုဗစ်ရောဂါဖြစ်နေဆဲဖြစ်၍ စာကြည့်တိုက်များ ဆက်တိုက် ရက်မပျက်မဖွင့်နိုင်၊ ဖွင့်သည့်ရက်တွင် သွားလာရေးအခက်အခဲများနှင့် သတင်းစာ ဂျာနယ်များ ကိုးကားမှီငြမ်းရန် အထောက်အထားများ ပြည့်စုံနိုင်အောင် ကြိုးပမ်းစုဆောင်း ရေးသားထားပါသည်။ သို့သော် လိုအပ်ချက်၊ အားနည်းချက်များ ရှိမည်ဖြစ်ပါသည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်(ရန်ကုန်)မှ ဒေါက်တာလှိုင်လှိုင်ကြီး၊ [စာကြည့်တိုက်မှူး (ဌာနမှူး)]၊ ဒေါ်နုနုစံ၊ စာကြည့်တိုက်မှူး (မြန်မာစာပြုဌာန)၊ ဒေါ်ယဉ်ဝင်းထိုက်(လက်ထောက်စာကြည့်တိုက်မှူး)တို့ကို အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။